# မြန်မာနိုင်ငံ - ရေကြီး၊ ရေလျှံခြင်း

အကျဉ်းချုပ် အစီရင်ခံစာ အမှတ် ၂

*၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့ အထိ ရရှိထားသော အချက်အလက်များအရ*

ဤအစီရင်ခံစာကို လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ထုတ်ဝေ ခြင်းဖြစ်ပါသည်။ အစီရင်ခံစာတွင်တင်ပြထားသော အချက်အလက်များမှာ ဇူလိုင်လ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း ရရှိထားသော အချက်အလက်များ ဖြစ်ပါသည်။

## အဓိကအချက်များ

- မုတ်သုန်ရာသီ ရေကြီး၊ ရေလျှံမှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၈ ခု တွင် စုစုပေါင်းလူဦးရေ ၇၈,၀၀၀ကျော် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်ဟုခန့်မှန်းပါသည်။
- ရေကျသော နေရာအများအပြားတွင် ရေဘေးကယ်ဆယ်ရေးစခန်းများကို ပိတ်သိမ်းခဲ့ပြီး၊ ထိုကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံခဲ့သူများမှာ ၎င်းတို့အိမ်များသို့ ပြန်သွားနိုင်ခဲ့ကြပြီဖြစ်ပါသည်။
- သို့သော်လည်း ရေများမှာ တောင်ဘက်သို့ စီးဆင်းလာခြင်းကြောင့် စစ်ကိုင်း၊ မန္တလေးနှင့် မကွေး တိုင်းဒေသကြီးများမှာ ရေဘေးဒဏ်ကိုခံစားရလျက်ရှိပြီး၊ လူဦးရေ ၄၃,၀၀၀ ကျော် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပါသည်။
- ဇူလိုင်လ ၂၃ ရက်နေ့အထိ ရရှိထားသော အချက်အလက်များအရ အဆိုပါ တိုင်းဒေသကြီး ၃ ခုရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၉ ခု တွင် လူဦးရေ ၄၀,၀၀၀ ကျော် ဆက်လက် ခိုလှုံနေကြရဆဲဖြစ်သော်လည်း၊ အခြား ရေဘေးသင့်သော ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသူ အားလုံးနီးပါးမှာ ၎င်းတို့၏ နေအိမ်များသို့ ပြန်သွားခဲ့ကြပြီဖြစ်ပါသည်။
- ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အစိုးရအာဏာပိုင်များနှင့် အနီးကပ် လက်တွဲဆောင်ရွက်ခြင်းအားဖြင့် အခြေအနေကို စောင့်ကြည့် လေ့လာလျက် ရှိပြီး၊ လိုအပ်လာပါက နိုင်ငံတော်အစိုးရ၏ ရေဘေးတုံ့ပြန် ကယ်ဆယ်ရေးလုပ်ငန်းများကို အားဖြည့်၊ ပံ့ပိုးဆောင်ရွက်သွားရန် အသင့်ရှိနေပါသည်။

.




| Affected State/ Region | Number of People Evacuated | Number of Evacuation Sites |
|---|---|---|
| Bago | 52 | 1 |
| Chin | 1,742 | |
| Kachin | 22,805 | 79 |
| Magway | 520 | 2 |
| Mandalay | 21,126 | 18 |
| Mon | 755 | 5 |
| Rakhine | 9,632 | 59 |
| Sagaing | 21,520 | 22 |
| **Total** | **78,142** | **186** |

*ဤမြေပုံတွင် ဖော်ပြထားသည့် နယ်နိမိတ်များနှင့် အမည်များ၊ သတ်မှတ်ချက်များမှာ ကုလသမဂ္ဂမှ တရားဝင် ထောက်ခံချက်ပြုထားသည့် သို့မဟုတ် လက်ခံထားသည့် နယ်နိမိတ်များနှင့် အမည်များ၊ သတ်မှတ်ချက်များ အဖြစ် ညွှန်းဆိုမှု မပြုနိုင်ပါ။*

## အခြေအနေ ခြုံငုံသုံးသပ်ချက်

**မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသည့် ရေကြီး၊ ရေလျှံမှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၈ ခုတွင် လူဦးရေ ၇၈,၀၀၀ ကျော် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းရဟု ခန့်မှန်း**

*ရေဘေးကြောင့် ရွှေ့ပြောင်းရသည့် လူဦးရေမှာ ရေဘေးစတင်ဖြစ်သည့်အချိန်မှစ၍ ယခုအချိန်အထိ ရေဘေးကြောင့် ရွှေ့ပြောင်းရသည့် စုစုပေါင်း ခန့်မှန်းလူဦးရေဖြစ်ပါသည်။ နေရာအများအပြားတွင် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည့်လူများမှာ ၎င်းတို့အိမ်များသို့ ပြန်သွား နိုင်ခဲ့ကြပြီးနောက်၊ တိုင်းဒေသကြီး ၃ ခုရှိ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် လူဦးရေ ၄၀,၀၀၀ ကျော် ကျန်ရှိနေပါသည်။*

မုတ်သုန်ရာသီ မိုးရွာသွန်းမှုနှင့် မြစ်ရေများမြင့်တက်မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၈ ခုရှိ နေရာအချို့တွင် နေရာကွက်၍ ရေကြီး၊ ရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့ပြီး၊ မြို့နယ်အများအပြားတွင် လူများအား ရေလွတ်ရာသို့ ရွှေ့ပြောင်း ပေးခဲ့ရပါသည်။ ပြည်ထောင်စုအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ရေဘေးကြောင့် ကချင်၊ ရခိုင်၊ ချင်း၊ မွန် ပြည်နယ်များနှင့် ပဲခူး၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး တိုင်းဒေသကြီးများတွင် စုစုပေါင်း လူဦးရေ ၇၈,၀၀၀ ကျော် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပါသည်။

ရေဘေးသင့်ခဲ့သော နေရာအများအပြားတွင် ရေများ ကျဆင်းသွားခဲ့ပြီးနောက်၊ ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသူများမှာ လွန်ခဲ့သည့် ရက်သတ္တပတ်မှစတင်၍ ၎င်းတို့ အိမ်များသို့ ပြန်နေကြပြီဖြစ်ပါသည်။ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ရခိုင်၊ ချင်း၊ မွန် ပြည်နယ်များနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရေလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသောလူဦးရေ ၁၂,၀၀၀ ကျော်မှာ ၎င်းတို့ အိမ်များသို့ ပြန်သွား ခဲ့ကြပြီဖြစ်ပါသည်။ ရေဘေး စတင်ဖြစ်ပေါ်သည့် အချိန်မှစ၍ ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည့် စုစုပေါင်း လူဦးရေ ၂၂,၀၀၀ ကျော်ရှိခဲ့သော ကချင်ပြည်နယ်တွင် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသူ အားလုံးနီးပါးမှာ ၎င်းတို့အိမ်များသို့ ပြန်သွားနိုင်ခဲ့ခြင်းနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်း အများစုကိုလည်း ပိတ်သိမ်းခဲ့ပြီးဖြစ်ပါသည်။ ကချင်ပြည်နယ်၏ ဝေးလံခေါင်သီသောနေရာများရှိ ကယ်ဆယ်ရေးစခန်းအချို့မှာဆက်လက်ဖွင့်ထားဆဲဖြစ်ပြီး လူဦးရေအနည်းငယ် ကျန်ရှိနေသေးကြောင်း သိရှိရပါသည်။

သို့သော် ရေများတောင်ဘက်သို့ စီးဆင်းသွားလျက်ရှိခြင်းကြောင့် စစ်ကိုင်း၊ မန္တလေးနှင့် မကွေး တိုင်းဒေသကြီးတို့မှာ ရေဘေးဒဏ်ခံစားရလျက်ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် မြို့နယ် ၇ မြို့နယ်၌ လူဦးရေ ၂၁,၅၀၀ ကျော် ရေဘေးကယ်ဆယ်ရေးစခန်း ၂၂ ခု သို့ ရွှေ့ပြောင်းခဲ့ရပါသည်။ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ် ၄ မြို့နယ်မှ လူဦးရေ ၂၁,၀၀၀ ကျော် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး ရေဘေးကယ်ဆယ်ရေးစခန်း ၁၈ ခုတွင် ခိုလှုံနေကြရပါသည်။ မကွေးတိုင်းဒေသကြီးတွင် လူဦးရေ ၅၀၀ ကျော် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပါသည်။ ဇူလိုင်လ ၂၃ ရက်နေ့ထိ ရရှိထားသောအချက်အလက်များအရ စစ်ကိုင်း၊ မန္တလေးနှင့် မကွေး တိုင်းဒေသကြီးများရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၃၉ ခုတွင် လူဦးရေ ၄၀,၀၀၀ ကျော် ဆက်လက် ခိုလှုံ နေကြရဆဲဖြစ်ပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အလှူရှင်များမှ ရေဘေးကြောင့် ထိခိုက်ခံစားရသူများ၊ ရေဘေးလွတ်ရာသို့ ယာယီရွှေ့ပြောင်းရသူများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ လက်ရှိတွင် မြစ်ရေများမှာ စိုးရိမ်ရေအမှတ်အောက်သို့ ကျဆင်းနေသော်လည်း၊ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ ဇူလိုင်လ ၂၄ နေ့တွင် ထုတ်ပြန်ထားသော မိုးလေဝသ ခန့်မှန်းချက်များအရ နိုင်ငံတစ်ဝှမ်းတွင် မိုးများဆက်လက် ရွာသွန်းမည်ဖြစ်ကြောင်း သိရှိရပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(OCHA)နှင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေး မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အစိုးရအာဏာပိုင်များနှင့် အနီးကပ်လက်တွဲဆောင်ရွက်ခြင်းအားဖြင့် အခြေအနေကို စောင့်ကြည့်လေ့လာလျက်ရှိပြီး၊ လိုအပ်ပါက နိုင်ငံတော်အစိုးရ၏ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို အားဖြည့်၊ ပံ့ပိုး ဆောင်ရွက်သွားရန် အသင့် ရှိနေပါသည်။

*အောက်ပါမြေပုံတွင် အသေးစိတ် အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။ မြေပုံတွင် အပြာရောင်ချယ်ထားသော နေရာများမှာ ထိုဒေသတစ်ခုလုံး ရေဘေးသင့်ခြင်းကို ဆိုလိုခြင်းမဟုတ်ဘဲ၊ ထိုဒေသအတွင်းရှိ နေရာအချို့တွင် နေရာကွက်၍ ရေဘေးဖြစ်ပေါ်ခြင်းကိုသာ အထက်ပါ စာပိုဒ်များတွင် ရှင်းပြထားသည့်အတိုင်း ဆိုလိုခြင်းဖြစ်ပါသည်။*

###

ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်
နန်စီမက်နယ်လီ၊ လူထုသတင်းအချက်အလက်ထုတ်ပြန်ရေးနှင့် ကိုယ်စားပြုအရေးဆိုဆောင်ရွက်မှုဆိုင်ရာ အရာရှိ၊
လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (မြန်မာ)
အီးမေးလ် - nancy.mcnally@un.org ၊ ဖုန်း - +၉၅ (၀) ၉၇၉၇၀၀၇၈၁၅

OCHA

# MYANMAR
## Floods Overview
As of 24 July 2019




| Affected State/ Region | Number of People Evacuated | Number of Evacuation Sites |
|---|---|---|
| Bago | 52 | 1 |
| Chin | 1,742 | |
| Kachin | 22,805 | 79 |
| Magway | 520 | 2 |
| Mandalay | 21,126 | 18 |
| Mon | 755 | 5 |
| Rakhine | 9,632 | 59 |
| Sagaing | 21,520 | 22 |
| **Total** | **78,142** | **186** |

*ဤမြေပုံတွင် ဖော်ပြထားသည့် နယ်နိမိတ်များနှင့် အမည်များ၊ သတ်မှတ်ချက် များမှာ ကုလသမဂ္ဂမှ တရားဝင်ထောက်ခံချက် ပြုထားသည့် သို့မဟုတ် လက်ခံထားသည့် နယ်နိမိတ်များနှင့် အမည်များ၊ သတ်မှတ်ချက်များ အဖြစ် ညွှန်းဆိုမှုမပြုနိုင်ပါ။*

**ထုတ်ဝေသည့်ရက်** - ၂၀၁၉ ဇူလိုင်လ ၂၄ ရက်၊ **ဆက်သွယ်ရန်** - ochamyanmar@un.org www.reliefweb.int